# ဒိုင်ကျူ



ရထား တစ်စီး ပေါ်တွင် သုခမိန်ကြီး တစ်ဦး နှင့် သာမန် လယ်သမားကြီး တစ်ဦးတို့ အတူ ထိုင်ခွင့် ရကြသည်။ ခရီးသွားရင်း အပျင်းပြေ စကားထာ ဖွက်ရန် သုခမိန် ပညာရှင်ကြီးက လယ်သမားကြီးကို စတင် ကမ်းလှမ်းသည်။

သုခမိန် - ကျုပ်မေးခွန်း တစ်ခုမေးမယ်။ ခင်ဗျား မဖြေနိုင်ရင် ကျုပ်ကို တစ်ဒေါ်လာပေး၊ ပြီးတော့ ခင်ဗျားက ကျုပ်ကို မေးခွန်း တစ်ခုမေး၊ ကျွန်တော် မဖြေနိုင်ရင် ခင်ဗျားကို ဆယ်ဒေါ်လာ ပေးမယ်။ ကြိုက်ပြီ ဆိုလျှင် ခင်ဗျားက ကျုပ်ကို မေးခွန်း အရင်မေး။ (လယ်သမားကြီးသည် ခေတ္တမျှ စဉ်းစားပြီး)

လယ်သမားကြီး- ဟုတ်ပြီ၊ ကျွန်တော် စမေးမယ်။ သူ့မှာ ခြေ သုံးချောင်း ရှိတယ်။ ထန်းပင် တစ်ပင်ပေါ် တက်ဖို့ ဆယ်နာရီ ကြာတယ်။ ဒါပေမယ့် ပြန်ဆင်းလျှင်တော့ ဆယ်စက္ကန့်ပဲကြာတယ်။ အဲဒါ ဘာသတ္တဝါလဲ။

သုခမိန် - သုခမိန်ကြီးသည် နောက်ကို လှန်ရင်း ကျောမှီရင်း ရထား ပြတင်းပေါက်ကနေ လယ်ကွင်းနှင့် ကောင်းကင်ပြင်ကို ကြည့်လိုက် မေးစေ့ကိုပွတ်လိုက် လယ်သမားကြီးကို ကြည့်လိုက်နှင့် နက်နက်နဲနဲစဉ်းစား အဖြေထုတ်ဖို့ အကျပ်ရိုက်နေစဉ် အချိန် ကြာလာသည် နှင့်အမျှ မီးရထားသည် သူတို့ ဆင်းမည့် ဘူတာထဲသို့ ဝင်ရောက်လာ သည်တွင်-ခင်ဗျားပြောတဲ့ သတ္တဝါ ကျွန်တော် မသိဘူးဗျ။

လယ်သမားကြီးသည် သုခမိန်ထံမှ ဆယ်ဒေါ်လာ ယူပြီး အိတ်ထဲ ထည့်လိုက်သည်။ သူအိတ်ထဲမှ တစ်ဒေါ်လာကို ထုတ်ပြီး သုခမိန်ကို ပေးလိုက်ရင်း အဖြေ ပေးလိုက်သည်။

ကျွန်တော်လည်း မသိဘူးခင်ဗျ ဟူသတည်း..............